# အကြံပြုချက်များ

## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

**အဓိကကျသောအကြံပြုချက်များတွင်** ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများအားၤင်းတို့၏ရပ်ရွာလူထုကိုယ်စားပြုသော အထွေထွေအခန်းကဏ္ဍ၊ သတင်းအချက်အလက်မျှဝေခြင်း၊ စာရင်းကိုင်ခြင်းနှင့် အားလုံးပါဝင်၍ စီမံကိန်း ရေးဆွဲခြင်း တို့နှင့်ပတ်သက်ပြီး သင်တန်းများပေးခြင်းနှင့် လမ်းညွှန်မှုများပေးခြင်း၊ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေအကြောင်းနှင့် ထွေ/အုပ် မှ တိုက်ရိုက်ရနိုင်သည်များနှင့်ပတ်သက်သော သတင်း အချက် အလက်များပိုမို ရရှိစေခြင်း၊ ရှေ့ပြေး အများပြည် သူဆွေးနွေးပွဲများနှင့် အားလုံးပါဝင်နိုင်သည့် ဘတ်ဂျက်ရေးဆွဲရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲခြင်း နိုင်ငံသားများပါဝင်ခြင်း၊ ပွင့်လင်းမြင်သာခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့ကိုထွေ/အုပ် ဝန်ထမ်းများမှရင်းနှီး၍လက်တွေ့ လုပ်ဆောင် လာစေခြင်း၊ လူထု အခြေပြု အဖွဲ့အစည်းများ နှင့် စီးပွားရေးအသင်းအဖွဲ့များအနေဖြင့်အစိုးရဌာနများ၊ ပြည်သူများဖြင့်ပူးပေါင်း၍ ဒေသန္တရ အုပ်ချုပ်ရေးကို ပိုမို ကောင်းမွန် လာအောင်မည်သို့လုပ်ဆောင်နိုင်မည်နည်း စသည်တို့ ပါဝင်သည်။

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့

**အဓိကကျသောအကြံပြုချက်များတွင်** တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာဥပဒေကို အများပြည်သူအား ရှင်းပြခြင်းနှင့် သုံးသပ်ခြင်း၊ဝင်ငွေတိုးလာရန်နှင့်ဥပဒေလိုက်နာမှု အားကောင်းလာစေရန် ဝင်ငွေအရင်းအမြစ် များနှင့် အခွန်စနစ်များ၏ လုပ်ဆောင်နိုင်မှုကိုခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း လုပ်ဆောင်ခြင်း၊ အများပြည်သူ၏ဦးစားပေးများကို အစီအစဉ် ရေးဆွဲခြင်းနှင့် အားလုံးပါဝင်၍ ဘတ်ဂျက်ရေးဆွဲခြင်းကို ချမှတ်ကျင့်သုံးခြင်း၊ ဝန်ဆောင် မှုပေးသည့် နယ်ပယ်တစ်ခုတွင် တိုးတက်မှုရှိအောင် ရှေ့ပြေးလုပ်ဆောင်ခြင်း၊ မြို့နယ်စည်ပင် သာယာရေးကော်မတီ(များ) ၏ ရွေးကောက်ပွဲစနစ်တွင် အပြောင်းအလဲများလုပ်ရန်စဉ်းစားခြင်း၊ကော်မတီ ဝင်များ ရွေးကောက် သည့် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရေးနှင့် အများပြည်သူပါဝင်မှု အားကောင်း စေရေး တို့ပါဝင်သည်။

## ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**အဓိကကျသောအကြံပြုချက်များတွင်** ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့်၊ လုပ်ဆောင်နေမှုများ၊ စီမံကိန်းဘတ်ဂျက်များ (ရေးဆွဲထားပုံများနှင့် အကောင်အထည်ဖော်ရေး အစီအစဉ်များ)နှင့်ပတ်သက်၍အများပြည်သူ အတွက် သတင်းအချက်အလက်များပြန်ကြားပေးမှုအားကောင်းစေရန်၊ ရပ်ရွာခေါင်းဆောင်များကိုကျော်လွန်ပြီး ရပ်ရွာမှ အမှန်တကယ် ပူးပေါင်းပါဝင်မှုကိုတိုးတက်စေရန်၊ ရပ်ရွာလူထုက စောင့်ကြည့်မှုအားကောင်းလာရန်နှင့် တိုင်းဒေသကြီး အဆင့်တွင် တင်ဒါလုပ်ငန်းစဉ်များအတွက် ရပ်ရွာလူထု၏ ထင်မြင်ချက်ကို ထည့်သွင်း စဉ်းစားရန်၊ရပ်ရွာလူထုပါဝင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု နှင့်ပတ်သက်သော အကြောင်းအရာများအတွက် ဝန်ထမ်းများအားသင်တန်းများ ပေးခြင်း များပါဝင်သည်။

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ

**<u>အကြံပြုချက်များတွင်</u>** မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတိုးတက် လာစေရန်၊ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် အများပြည်သူကို ချိတ်ဆက်၍ ပါဝင်စေခြင်းများကို သိရှိနားလည် စေရန်၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များအတွက်နှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် များ (CDFs) အတွက် အကောင်အထည်ဖော်သည့်စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures) ရေးသားရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ ၊ရပ်/ကျေးအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များနှင့် ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ခွင့်ပြုရန်ပုံငွေ အသေးစားဖြင့် အကောင်အထည် ဖော်သည့် ပရောဂျက်စီမံခန့်ခွဲမှုနှင့် အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲမှုတို့နှင့်ဆိုင်သော သင်တန်းများ ပါဝင်သည်။